ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ငွေတိုက်ဦးစီးဌာန

အကြောင်းအရာ။ စာရင်းကိုင်-၄ ရာထူး (၅) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းကိစ္စ

၁။ ငွေတိုက်ဦးစီးဌာနတွင် ခန့်အပ်ရန်လိုအပ်သည့် စာရင်းကိုင်-၄ ရာထူး (၅) နေရာအတွက် လျှောက်လွှာခေါ်ယူ၍ ခန့်ထားမည်ဖြစ်ပါသည်။

၂။ စာရင်းကိုင်-၄ ရာထူးနေရာအတွက် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ ဖြစ်ရပါမည်။

(ဂ) ၁-၆-၂၀၂၅ ရက်နေ့တွင် အသက် (၂၅) နှစ်ထက် မကျော်စေရ။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကူးစက်ရောဂါကင်းရှင်းသူဖြစ်ရမည်။

(င) ပါတီနိုင်ငံရေးကင်းရှင်းပြီး ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်ပါရှိရမည်။ (ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး နှင့် ပြည်သူ့ရဲတပ်ဖွဲ့)

(စ) ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်ထားလိုသူများသည် အောက်ပါစာရွက်စာတမ်းများနှင့်အတူ "ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်" သို့လိပ်မူ၍ ၃၀-၆-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာတစ်စောင်

(ခ) (၁"×၁.၅") ရောင်စုံဓါတ်ပုံ (၄) ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးရန်)

(ဂ) ကိုယ်ရေးရာဇဝင်အချက်အလက်အကျဉ်း

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း (ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ့ရဲတပ်ဖွဲ့၏ ထောက်ခံချက်)

(င) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ

(စ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

(ဆ) အလုပ်သမားမှတ်ပုံတင်မှုရင်း (၁-၆-၂၀၂၅ ရက်နေ့ နောက်ပိုင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင် အလလခပုံစံ (၂) မူရင်း)

၄။ စာရင်းကိုင်-၄ ရာထူးနေရာအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသော လျှောက်လွှာများအား စိစစ်၍ ရေးဖြေ၊ ကွန်ပျူတာနှင့် လူတွေ့စစ်ဆေးပြီး ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။ ရေးဖြေ၊ ကွန်ပျူတာနှင့် လူတွေ့စစ်ဆေးမည့်နေ့ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၅။ ဆက်သွယ်မေးမြန်းလိုပါက တယ်လီဖုန်းအမှတ် ၀၉-၄၃၀၄၆၁၂၅ နှင့် ၀၉-၂၅၀၂၃၇၆၂၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။